ကျူးကျော်မှုကို ခံ ကျွန်ဖြစ်ရမှာလား

ကျွန်ုပ်တင်ပြပေးသော ဂျီဟာဒ် ခေါင်းစီး နိဒါန်းမှသည် နံပါတ် (၃) ထိ ဆွေးနွေးလိုက ဆွေးနွေးနိုင်ပါသည်။ ယခုမူ တိုင်းပြည်ဒေသ တစ်ခုရှိ အတူတူနေထိုင်သော လူမျိုးချင်း လူမျိုးတစ်မျိုးက အရှင်သခင် အဖြစ် မဟာလူမျိုးကြီး လုပ်လျှက် အခြားသော လူမျိုးမှ ကျေးကျွန် အဖြစ် မိမိတို့၏ ဘဝများ သားစဉ်မြေးဆက်များ အား ကျေးကျွန်ဘဝဖြင့် နေထိုင်ရခြင်း ဘဝဆက်ရခြင်းအား ဘာသာ တရားများမှ လက်ခံသည် လက်မခံသည် အား တင်ပြလိုသည်။ သို့ဆိုလျှင် မိမိတို့၏ ဘဝများ လူသားချင်း အတူတူ တန်းတူညီမျှခွင့် ရစေရန် စွမ်းစွမ်းတမံ ရုန်းကန်လှုပ်ရှားရသူတို့၏ ဂျီဟာဒ် ဆိုသည်အား နားလည်မှု ပိုမို မြင့်မားလာမည်ဟု ဆင်ခြင်မိပါသည်။

ပုဂ္ဂိုလ် သတ္တဝါသည် မိမိကိုယ်ကို (ကျွန်အလို့ငှာ) မပေးရာ၊ ပုဂ္ဂိုလ် သတ္တဝါသည် မိမိကိုယ်ကို (ကျား စသည်တို့အား စားရန် အလို့ငှာ) မစွန့်ရာ၊ ကောင်းသော စကားကို မြွက်ဆိုရာ၏၊ ကြမ်းကြုတ်သော စကားကို မမြွက်ဆိုရာ။ သံယုတ်ပါဠိ (ပတွဲ) ၈ ဆေတွာဝဂ်၊ ၈ ကာမသုတ်။ ဟု ပိဋကတ်တော်တွင် သွန်သင်ထားပေ သည်။

သို့ဖြစ်၍ မိမိတို့အား ကိုလိုနီ ကျွန်ပြုနိုင်ရန် တစ်ဘက်သတ် ဖိနှိပ်ချုပ်ချယ်နိုင်ရန် အခွင့်အရေးပေးခြင်း၊ သည်းခံသည်ဟူသော အကြောင်းပြချက်ဖြင့် မခွင့်အရေး ပေးသကဲ့သို့ ဖြစ်ခြင်း စသည်တို့သည် မိမိတို့အား ကျေးကျွန်အဖြစ် ခံယူလိုက်သည်သာမက မိမိတို့မှ ဖြစ်တည်လာမည့် သားစဉ်မြေးဆက် အားလုံးကိုလည်း ကျေးကျွန်ဘဝသို့ တွန်းချခဲ့သည်သာ မည်ပေမည်။

အစ္စလာမ် သာသနာသည် ကမ္ဘာမြေပေါ်တွင် ငြိမ်းချမ်းစွာ အတူနေထိုင်ရေးအား အထူးဖေါင်းပေး သွန်သင်သော သွန်သင်ပြဌာန်းပေးသော သာသနာ ဖြစ်၍- အယူမတူသူတို့အား အနိုင်ကျင့်ရမည် စစ်ခင်းရမည် သူတစ်ပါးအား ကျေးကျွန်အဖြစ် သတ်မှတ်ရမည်ဟု သွန်သင်ခြင်း အလျှဉ်း မရှိပေ။ တစ်ခြားတစ်ဘက်တွင် မည်သည့် လူမျိုး မည်သည့် ဘာသာ အတွက် မဆို ဖြစ်စေ၊ မတရား သဖြင့် ကျူးကျော် ဖိနှိပ်ခံရလျှင် တော်လှန်ရမည်၊ မည်သည့် ဘာသာဝင်တို့၏ ဘုရားကျောင်းကန်များအား မဆို ကာကွယ်ရမည် ဟု ကုရ်အာန် ၂၂း၃၉- ၄၀ တွင် ပြဌာန်းပြီး ဖြစ်သည်။

ဤသို့ လူမျိုးစုတစ်ရပ် ကျေးကျွန် ဘဝ သို့ မရောက်ရစေရန် ရုန်းကန်လှုပ်ရှားသော၊ အသက် သွေး ချွေး ပေးဆပ်လျှက် စွမ်းစွမ်းတမံ ဆောင်ရွက်သော ပုဂ္ဂိုလ်တို့အား ဂျေဟာဒ်ဒစ် ဟု အာရ်ဗီဘာသာဖြင့် ခေါ်ဆိုပေသည်။ ထို ဂျေဟာဒ်ဒစ်တို့အား အပြစ်ဆိုမည် နားလည်မှု လွဲမည် ဆိုလျှင် မိမိတို့အား ကျွန်ပြုလိုသော သူတို့၏ ဝါဒမှိုင်းမိသူမိနေသူများသာ ဖြစ်ရပြီး-၊ မိမိတို့၏ သားစဉ်မြေးဆက်အား ကျေးကျွန်ဘဝထဲသို့ တွန်းချခဲ့သည်သာ မည်ပေတော့မည်။

### ၆-ဣဿာပကတဣတ္ထိဝတ္ထု

၃၁၄။ မကောင်းမှုကို မပြုခြင်းသည် မြတ်၏၊မကောင်းမှုသည် နောင်အခါ ပူပန်စေတတ်၏၊ ကောင်းမှုကို ပြုခြင်းသည်သာလျှင် မြတ်၏၊ ယင်းကောင်းမှုကို ပြုခြင်းကြောင့် နောင်တတဖန် မပူပန်ရ။

### ၇-သမ္ဗဟုလဘိက္ခုဝတ္ထု

၃၁၅။ တိုင်းပြည်အစွန်ဖြစ်သော မြို့ကို အတွင်းအပြင်နှင့် တကွ လုံခြုံစေသကဲ့သို့ ထိုအတူ မိမိကိုယ်ကို (အတွင်းအပြင်လုံခြုံအောင်)စောင့်ရှောက်ကုန်လော့၊ သင်တို့ကို (ဘုရားပွင့်ခြင်း စသော) အခွင့်အခါကောင်းသည် မလွန်ပါစေလင့်၊ အခွင့်အခါကောင်းကို လွန်သူတို့သည် ငရဲ၌ကျရောက်ကုန်သည်ဖြစ်၍ စိုးရိမ်ကြရကုန်၏။

### ၈-နိဂဏ္ဌဝတ္ထု

၃၁၆။ ရှက်ဖွယ်မဟုတ်ရာ၌ ရှက်တတ်၍ ရှက်ဖွယ်ဟုတ်ရာ၌ မရှက်တတ်ကုန်သော မှားသော အယူရှိသော သတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ရကုန်၏။

၃၁၇။ ကြောက်ဖွယ်မဟုတ်သည်၌ ကြောက်ဖွယ်ဟု ရှုလေ့ရှိကြကုန်၍ ကြောက်ဖွယ်ဟုတ်သည်၌ ကြောက်ဖွယ်မဟုတ်ဟု ရှုလေ့ရှိကုန်သော မှားသော အယူရှိသော သတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ရကုန်၏။

### ၉-တိတ္ထိယသာဝကဝတ္ထု

၃၁၈။ အပြစ်မဟုတ်သည်၌ အပြစ်ဟု အယူရှိကြကုန်၍ အပြစ်ဟုတ်သည်၌လည်း အပြစ်မဟုတ်ဟု ရှုလေ့ရှိကုန်သော မှားသောအယူရှိသော သတ္တဝါတို့သည် ဒုဂ္ဂတိဘဝသို့ ရောက်ရကုန်၏။

၃၁၉။ အပြစ်ကို အပြစ်ဟု အပြစ် မဟုတ်သည်ကို အပြစ်မဟုတ်ဟု သိကြကုန်သောကြောင့် ကောင်းသောအယူရှိကုန်သော သတ္တဝါတို့သည် သုဂတိဘဝသို့ ရောက်ရကုန်၏။

နှစ်ဆယ့်နှစ်ခုမြောက် နိရယဝဂ် ပြီး၏။

---

### ၂၃-နာဂဝဂ် ၁-အတ္တဒန္တဝတ္ထု

၃၂၀။ ဆင်ပြောင်ကြီးသည် စစ်မြေပြင်၌ လေးမှ (မိမိအပေါ်သို့) ကျရောက်လာသော မြားကို မတုန်မလှုပ် ခံသကဲ့သို့ ငါဘုရားသည် လွန်ကျူးစော်ကားသော စကားကို သည်းခံအံ့၊ (လောကီဘုံသား)လူအများသည် သီလမရှိသည်သာတည်း။

၃၂၁။ ယဉ်ကျေးပြီးသော ဆင် မြင်းစသည်ကိုသာ လူစုလူဝေးရှိရာ ပွဲသဘင်သို့ ဆောင်ကုန်၏၊ယဉ်ကျေးပြီးသော ဆင် မြင်း စသည်ကိုသာ မင်းသည် စီး၏၊ လွန်ကျူးစော်ကားသော စကားကို သည်းခံနိုင်သောသူသည် ယဉ်ကျေးပြီးဖြစ်၍ လူတို့တွင် အမြတ်ဆုံး ဖြစ်၏။

ပုဂ္ဂိုလ် သတ္တဝါသည် မိမိကိုယ်ကို (ကျွန်အလိုငှါ) မပေးရာ၊ ပုဂ္ဂိုလ် သတ္တဝါသည် မိမိကိုယ်ကို (ကျားစသည်တို့အား စားရန်အလိုငှါ) မစွန့်ရာ၊ ကောင်းသော စကားကို မြွက်ဆိုရာ၏၊ ကြမ်းကြုတ်ယုတ်မာသော စကားကို မမြွက်ဆိုရာ ဟု (မိန့်တော်မူ၏)။

## ၉-ပါထေယျသုတ်

၇၉။ အဘယ်အရာဖြင့် လမ်းရိက္ခာကို ထုပ်ဖွဲ့ပါသနည်း၊ စည်းစိမ်တို့၏ တည်ရာသည် အဘယ်ပါနည်း၊ အဘယ်အရာသည် ပုဂ္ဂိုလ်သတ္တဝါကို ဆွဲငင်ပါသနည်း၊ လောက၌ အဘယ်အရာကို စွန့်နိုင်ခဲပါသနည်း၊ ကျော့ကွင်းဖြင့် ငှက်ကို ဖွဲ့သကဲ့သို့ အဘယ်အရာသည် များစွာသော သတ္တဝါတို့ကို ဖွဲ့ပါကုန်သနည်း ဟု (လျှောက်၏)။

လမ်းရိက္ခာကို သဒ္ဓါတရားဖြင့် ထုပ်ဖွဲ့၏၊ စည်းစိမ်ဥစ္စာတို့၏ တည်ရာသည် အစိုးရခြင်းတည်း၊ အလိုရမ္မက်သည် ပုဂ္ဂိုလ်သတ္တဝါကို ဆွဲငင်၏၊ လောက၌ အလိုရမ္မက်ကို စွန့်နိုင်ခဲ၏၊ ကျော့ကွင်းဖြင့် ငှက်ကို ဖွဲ့သကဲ့သို့ အလိုရမ္မက်သည် များစွာသော သတ္တဝါတို့ကို ဖွဲ့၏ ဟု (မိန့်တော်မူ၏)။

## ၁၀-ပဇ္ဇောတသုတ်

၈၀။ လောက၌ အရောင်အလင်းသည် အဘယ်ပါနည်း၊ လောက၌ အဘယ်အရာသည် နိုးကြားခြင်းမည်သနည်း၊ အသက်မွေးကုန်သော သူတို့တွင် အလုပ်ကိစ္စ၌ (အဖော်သည်) အဘယ်ပါနည်း၊ ထိုသတ္တဝါအပေါင်း၏ အသက်မွေးကြောင်းသည် အဘယ်ပါနည်း။

ပျင်းသောသူကိုငင်း မပျင်းသောသူကိုငင်း အမိသည် သားကို မွေးသကဲ့သို့ အဘယ်အရာသည် မွေးမြူပါသနည်း၊ မြေ၌မှီကုန်သော သတ္တဝါတို့သည် အဘယ်ကိုမှီ၍ အသက်မွေးကုန်သနည်း ဟု (လျှောက်၏)။

လောက၌ ပညာသည် အရောင်အလင်းမည်၏၊ လောက၌ သတိသည် နိုးကြားခြင်းမည်၏၊ အသက်မွေးကုန်သော သူတို့တွင်၊ နွားတို့သည် အလုပ်ကိစ္စ၌ အဖော်မည်၏၊ ထိုသတ္တဝါအပေါင်း၏ အသက်မွေးကြောင်းသည် ထွန်တုံးတည်း။

ပျင်းသောသူကိုငင်း မပျင်းသောသူကိုငင်း အမိသည် သားကို မွေးမြူသကဲ့သို့ မိုးသည် မွေးမြူ၏၊ မြေ၌ မှီကုန်သော သတ္တဝါတို့သည် မိုးရွာခြင်းကို မှီ၍ အသက်မွေးကုန်၏ ဟု (မိန့်တော်မူ၏)။

ဒီသာပါမောက္ခ